# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
# ဝါရှင်တန်မြို့

## သဘာဝဘေးအန္တရာယ်အသိပေးထုတ်ပြန်ချက်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)

၁။ အမေရိကန်နိုင်ငံတွင် ဆယ်စုနှစ်ကာလများအတွင်း အကြီးမားဆုံးသော ဟာရီကိန်း Helene သည် ပြင်းအားအဆင့် (၄) ၊ လေတိုက်နှုန်း တစ်နာရီလျှင် မိုင် (၁၄၀) နှုန်း ဖြင့် ၂၆-၉-၂၀၂၄ရက်၊ ညနေပိုင်းကတည်းက ဖလော်ရီဒါပြည်နယ် Big Bend ဒေသသို့ စတင် ဝင်ရောက် တိုက်ခတ် ခဲ့ပြီး၊ ဂျော်ဂျီယာပြည်နယ်၊ မြောက်ကယ်ရိုလိုင်းနားပြည်နယ်၊ တောင်ကယ်ရိုလိုင်းနားပြည်နယ်၊ တင်နက်ဆီ ပြည်နယ်နှင့် ဗာဂျီနီးယားပြည်နယ်တို့၌ ဆက်လက်တိုက်ခတ်လျက်ရှိ ကြောင်း၊ မိုးသည်းထန်ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကာ လူသေဆုံးမှုများနှင့် အိုးအိမ်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။

၂။ သို့ပါ၍ အဆိုပါပြည်နယ်များနှင့် ဝန်းကျင်တွင် နေထိုင်အလုပ်လုပ်ကိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် ဒေသအာဏာပိုင်များ၏ သတိပေးထုတ်ပြန်ချက်များကို အထူးအလေးထား လိုက်နာသွားရန် လိုအပ်ပါကြောင်း၊ အဆောင်နေကျောင်းသားများအနေဖြင့် သက်ဆိုင်ရာ အဆောင်တာဝန်ခံ၊ တက္ကသိုလ် တာဝန်ရှိသူများ၏ လမ်းညွှန်ချက်များကိုလည်းလိုက်နာသွားရန် လိုအပ်ပါကြောင်းနှင့် မုန်တိုင်းကာလအတွင်း တစ်ကိုယ်ရေ လုံခြုံစွာရပ်တည်နိုင်ရန် အောက်ပါတို့ကိုလည်း ကြိုတင်ပြင်ဆင်ထားနိုင်ရေး အထူးသတိပေးဆော်ဩအပ်ပါသည်-

- National Hurricane Center (NHC) (www.nhc.noaa.gov) ကဲ့သို့ဌာနမှသတင်းများကို စောင့်ကြည့်ခြင်းအပြင် ဖက်ဒရယ်အရေးပေါ်စီမံခန့်ခွဲမှု အေဂျင်စီ (FEMA) (www.fema.gov) ၏ App နှင့် မိုးလေဝသသတင်းဆိုင်ရာ Application များကို Download ရယူ စောင့်ကြည့်ခြင်း၊
- နိုင်ငံကူးလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ ကျောင်းသားကတ်၊ အခြားစိစစ်ရေးကတ်၊ ဘဏ်စာရွက်စာတမ်း/ဘဏ်ကတ်၊ ကျန်းမာရေးအာမခံကတ်ကဲ့သို့ အရေးကြီး စာရွက်စာတမ်းများ၊ ရေ၊အစားအသောက်၊ ဆေးဝါး၊ ပတ်တီး၊ ပိုးသတ်ဆေး ကဲ့သို့ ရှေးဦးသူနာပြု First Aid Kit နှင့် ဖုန်းအားသွင်း ကိရိယာများကို စုစည်းထားခြင်း၊ ဖုန်းအား ဖြည့်ထားခြင်း၊ မုန်တိုင်း ကျချိန်တွင် Text Messages ဖြင့် အဓိကထားဆက်သွယ်ခြင်း၊
- အရေးပေါ်ထွက်ပေါက် လမ်းကြောင်းများကို ကြိုတင်လေ့လာခြင်း၊
- ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံရန် ကြိုတင်စီစဉ်ခြင်း၊ မိတ်ဆွေများအား မိမိ ရောက်ရှိရာ နေရာအား အသိပေးထားခြင်း။

၃။ ဒေသန္တရအရေးပေါ်ဌာနများ၏ ဖုန်းအမှတ်များအား မှတ်သားထားကြရန်နှင့် အရေးပေါ် အခြေအနေတွင် ၉၁၁ သို့ ခေါ်ဆိုခြင်း၊ လိုအပ်ပါက ဤသံရုံး၏ Hot Line ဖုန်းနံပါတ် (၂၀၂) ၅၀၇ ၂၁၉၂ သို့ ဆက်သွယ်ခြင်းတို့ဆောင်ရွက်နိုင်ပါကြောင်း အသိပေး ထုတ်ပြန် အပ်ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

= = =